# (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့တွင် ကျရောက်သည့် ချင်းအမျိုးသားနေ့သည် ချင်းလူမျိုးတို့၏ သီးခြားဂုဏ်အင်လက္ခဏာ ရှိခြင်း၊ မိမိတို့၏ ပိုင်နက်နယ်မြေအတွင်း သမိုင်းစဉ်လာအရ လူမျိုးတစ်ရပ် (Nation) အဖြစ်တည်ရှိခြင်းတို့ကို အခိုင်အမာဖော်ညွှန်းသည့် ရက်မြတ် ဖြစ်ပေသည်။ ဤသို့သော ရက်မြတ်မင်္ဂလာအခါသမယအား ချင်းပြည်၊ မြန်မာနိုင်ငံ နှင့် ကမ္ဘာတစ်ဝန်းရှိ ချင်းအမျိုးသားများအနေဖြင့် နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ဆင်နွဲနိုင်ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

၁၉၄၇ ခုနှစ်တွင် သီးခြားပြည်ထောင်များအဖြစ် ရပ်တည်လာခဲ့ကြသော ဗမာပြည်မ၊ ပြည်ထောင်စုရှမ်းပြည်၊ ကချင်တောင်တန်းဒေသ နှင့် ချင်းတောင်တန်းဒေသ တို့မှ ခေါင်းဆောင်ကြီးများသည် အောင်ဆန်းအက်တလီစာချုပ်အရ ပြည်ထောင်စုရှမ်းပြည်နယ်မြေဖြစ်သော ပင်လုံမြို့တွင် တွေ့ဆုံခဲ့ကြပြီး တစ်ပြိုင်နက်တည်း လွတ်လပ်ရေးရယူရေး နှင့် လွတ်လပ်ရေးရရှိပြီးပါက အမျိုးသားများ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးသဘောတူညီချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အတူတကွ တည်ထောင်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်ရာတွင် အခြေခံရမည့်မူများအဖြစ် သဘောတူထားခဲ့သည့် အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်သေးခြင်း၊ ဒီမိုကရေစီစနစ် အပြည့်အဝ မကျင့်သုံးနိုင်သေးခြင်းတို့ကြောင့် ချင်းအမျိုးသားနေ့သည် ယနေ့ထိတိုင် နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ကျင်းပနိုင်ခြင်း မရှိသေးပေ။ ယင်းကဲ့သို့သော နိုင်ငံရေးပဋိပက္ခ နှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံမှတဆင့် တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် စစ်မှန်သောငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရန် သံန္နိဋ္ဌာန်ချမှတ်ထားသည်နှင့်အညီ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်များကို လည်းကောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချုပ်များအား အကောင်အထည်ဖော်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ပူးတွဲတာဝန်ဖြစ်သည်ဟု အလေးအနက်ခံယူပေသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံသည် ပြည်ထောင်စုအရေးအရာများကို ဆွေးနွေးမည့် ညီလာခံဖြစ်သည့်အပြင် နှစ်ပေါင်း (၇၀) နီးပါး ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခအား ငြိမ်းချမ်းစွာအဖြေရှာနိုင်ရန် ကျင်းပခြင်းဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပါဝင်သင့်ပါဝင်ထိုက်သော အစုအဖွဲ့များ အားလုံးပါဝင်ရေးသည် အထူးအရေးကြီးသည်ဟု ယုံကြည်သည်။

သို့ဖြစ်ပါ၍ ချင်းအမျိုးသားတစ်ရပ်လုံးအနေဖြင့် အနာဂတ်ပြည်ထောင်စုပြန်လည်တည်ဆောက်ရာတွင် ချင်းတစ်မျိုးသားလုံးအမျိုးသားသွေးစည်းညီညွတ်မှုကို အခိုင်အမာတည်ဆောက်၍ ချင်းအမျိုးသားတစ်ရပ်လုံး၏ ဘုံရပ်တည်ချက် နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့် တန်းတူရေး၊ ဒီမိုကရေစီနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ အာမခံချက်ရှိသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရေးကို အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ်သတ်မှတ်ကာ အားကြိုးမာန်တက် ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်။